**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election (063/2011)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၆၃/၂၀၁၁)

၂၀၁၁ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့မှ ၂၀၁၁ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့အထိ

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

- သမ္မတဦးသိန်းစိန် ဦးဆောင်သော အရပ်သားအစိုးရသစ်တွင် ပထမဆုံး အမျိုးသမီးဝန်ကြီး နှစ်ဦးဖြစ်သော ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်(ကျန်းမာရေးဝန်ကြီးဌာန) နှင့်ဒေါ်စန္ဒာခင်(ယဉ်ကျေးမှုဝန်ကြီးဌာန) တို့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး(အမိန့်အမှတ် ၁၃/၂၀၁၁) ဖြင့် မတ်လ ၃၀ ရက်နေ့က ခန့်အပ်လိုက်သည်။ (The Voice 030411) Read More...
- သမ္မတ ဦးသိန်းစိန်၏ အစိုးရအဖွဲ့သစ် လက်ထက်တွင် လယ်သမားများ၏ အခွင့်အရေးများကို တိုးတက်အောင်လုပ်ဆောင်နိုင်ခြင်း မရှိမှုကို မကွေးတိုင်း ကမ္မမြို့တွင် ဖြစ်ပွားနေသည့် လယ်ယာမြေအသိမ်းခံရသော လယ်သမားအချို့ကို ရိုက်နှက်ဖမ်းဆီးပြီး တရားစွဲဆိုမှုများ၏ အမှုစီရင်ချက်များက သက်သေခံလိမ့်မည်ဟု ဥပဒေကျွမ်းကျင်သူများက ထောက်ပြပြောဆိုလိုက်သည်။ (RFA 040411) Read More...
- ရှေ့တိုင်ဒေသ လျှောင်ဒဏ်သင့် တာလေ မိုင်းလင်း ရှိမိသားစုများအား ဒု–သမ္မတသစ် ဒေါက်တာ စိုင်းမောက်ခမ်း၊ သျှမ်းပြည်ဝန်ကြီးချုပ် စဝ်အောင်မြတ်နှင့် အဖွဲ့သည်  ပထမဆုံးခရီးထွက်ကာ တစ်အိမ်ထောင်လျှင် ကျပ်ငွေနှစ်သိန်းစီ ထောက်ပံ့ပေးခဲ့ကြောင်း  စေတနာရှင် လုပ်အားပေး တစ်ဦးက ပြောသည်။ (S.H.A.N 040411) Read More...
- တနင်္သာရီတိုင်း မြိတ်မြို့နှင့် ကော့သောင်းမြို့များတွင် သင်္ကြန်မဏ္ဍာပ်နှင့် သင်္ကြန်ယိမ်းအဖွဲ့များအတွက် သုံးစွဲရန်ဟုဆိုကာ ဒေသအုပ်ချုပ်ရေးအဖွဲ့များက တစ်အိမ်ထောင်လျှင် ၁၅၀၀ ကျပ်နှုန်းနှင့် လုပ်ငန်းရှင်များမှ ၅ သောင်း၊ ၁ သိန်းနှုန်းဖြင့် ယခင်နှစ်များနည်းတူ ယခုအစိုးရသစ်လက်ထက်တွင်လည်း အဓမ္မငွေကြေးကောက်ခံနေသည်ဟု ငွေကြေးအခက်အခဲဖြစ်နေသည့် မြိတ်မြို့ဒေသခံတစ်ဦးက ပြောသည်။ (DVB 040411) Read More...
- အစိုးရသစ်တက်ပြီး နောက်တစ်ရက်တွင် တရုတ်နယ်စပ် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဌာနချုပ် လိုင်ဇာဘက်မှ မြစ်ကြီးနားနှင့် ဗန်းမော် ကုန်အဝင်အထွက် ဂိတ်ဖြစ်သည့် လဂျားယန်ဂိတ်ကို အစိုးရဘက်မှ အကန့်အသတ်မရှိ တားမြစ်ပိတ်ပင်လိုက်သဖြင့် ကုန်ဈေးနှုန်းတက်မှုဒဏ်ကို ခံနေရသည်ဟု လဂျားယန် ဒေသခံတစ်ဦးက ပြောသည်။ (VOA 050411) Read More...
- အစိုးရအဖွဲ့သစ်၏ အရေးကြီးဆုံးလုပ်ငန်းစဉ်အဖြစ် ကောင်းမွန်သောအုပ်ချုပ်မှုစနစ် (Good Governance)၊ သန့်ရှင်းသောအစိုးရ (Clean Governance) ပေါ်ပေါက်လာရန် ဝိုင်းဝန်းကြိုးစားလုပ်ဆောင်ရမည်ဖြစ်ပြီး စာနယ်ဇင်းကဏ္ဍများကို အလေးထားရန်နှင့် လစာ၊ ပင်စင်တို့ကို သင့်လျော်သောအချိန်တွင် တိုးပေးသွားမည်ဟု သမ္မတဦးသိန်းစိန်က ပြောကြားလိုက်သည်။ (YMG 050411) Read More...

- ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ယခု ရန်ကုန်တိုင်း အုပ်ချုပ်ရေးမှူးရုံး)မှ ယခုနှစ် သင်္ကြန် မဏ္ဍပ်ဆောက်သူများ လိုက်နာရမည့် စည်းကမ်းချက် ၂၅ ချက် တွင် ရေကစားမဏ္ဍပ်ကြီးများ၌ CCTV ကင်မရာများတပ်ဆင်ရန် ညွှန်ကြားထားပြီး ဗုံးရှာကိရိယာတစ်ခု မဖြစ်မနေ တပ်ဆင်ရန်လည်း ညွှန်ကြားချက်ပေးထားသည်ဟု အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (Mizzima 060411) Read More...
- ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး စသည့် ၁၁ ဦးဖြင့်ဖွဲ့စည်းလိုက်သည်။ (EMG 060411) Read More...
- ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရန်မလိုဘဲ နိုင်ငံတော်သမ္မတက ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်နှင့် သဘောတူညီချက် ၃၀ ခု ရှိကြောင်းနှင့် လွှတ်တော်၏အတည်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်နှင့်သဘောတူညီချက်များမှာ ခုနစ်ခုသာ ရှိသည်ဟု ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၏ နောက်ဆက်တွဲ ဇယား(၁) နှင့်(၂)တွင် ဖော်ပြထားသည်။ (EMG 060411) Read More...
- လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများ၊ လွှတ်တော်ပြင်ပရှိ စိတ်ရင်းစေတနာမှန်ကန်သည့် နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က မတ်လ ၃၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌ ပြောကြားခဲ့သည့် မိန့်ခွန်းတွင်ထည့်သွင်း ကတိပြု ပြောကြားခဲ့သည်။ (EMG 060411) Read More...
- ကချင်ပြည်နယ်မှာ အစိုးရသစ် ပြောင်းလဲပြီးနောက် အဆောက်အဦးအချို့ကို ပြုပြင်ပြောင်းလဲမှုများမှလွဲ၍ ယခင်အတိုင်း စစ်တပ်မှ နေရာယူထားမှု၊ လုံခြုံရေး စစ်ဆေးမေးမြန်းမှုများသည် ပြောင်းလဲခြင်းမရှိဖြစ်နေပြီး မျှော်လင့်ထားသည့် အခွင့်အရေးများမရ စနစ်ဟောင်းအတိုင်းဖြစ်နေသည်ဟု မြစ်ကြီးနားဒေသခံတစ်ဦးက ပြောသည်။ (VOA 060411) Read More...
- အစိုးရသစ်လက်ထက် ယခင်နအဖကောင်စီ၏ ဒေသဆိုင်ရာအဆင့် ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်စသည့် အုပ်ချုပ်ရေးရုံးများကို ဖျက်သိမ်းပြီး ပြင်ဆင်ဖွဲ့စည်း အာဏာလွှဲပြောင်းပေးလိုက်သည်ဟု ကြေညာထားသော်လည်း အဆိုပါရုံးများကို ဆိုင်းဘုတ်ပြောင်းကာ ယခင်တာဝန်ယူထားသည့်သူများသာဆက်ရှိနေသည်ဟု မန္တလေးမြို့ခံတစ်ဦးက ပြောသည်။ (DVB 060411) Read More...
- သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် အစိုးရသစ်ထွက်ပေါ်လာပြီး တပတ်အကြာတွင် ယခင်စစ်အစိုးရလက်ထက်မှ လုပ်လေ့မရှိသည့် နိုင်ငံခြားရောက် မြန်မာများကို ကူညီမှုအဖြစ် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ မဟာချိုင်ဒေသတွင်ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုတခုတွင် ဒုက္ခရောက်သူမြန်မာတချို့ကို မြန်မာသံရုံးမှ လာရောက်ကြည့်ရှုပြီး ထိုင်းဘတ် ငွေ ၁၀၀၀၀ လှူဒါန်းကာ လူနာစာရင်းများ လိုက်လံကောက်ယူသွားသည်ဟု လူမှုအခွင့်အရေး ဖောင်ဒေးရှင်းမှ ကိုတိုးတိုးက ပြောသည်။ (DVB 060411) Read More...
- မြန်မာနိုင်ငံ လွှတ်တော်အတွင်းမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် အာဆီယံပါလီမန် အမတ်များညီလာခံ ASEAN- Inter-Parliamentary Assembly (AIPA)သို့ ဝင်ရောက်ရေးအတွက် ဧပြီ ၂ ရက်နေ့မှ ၅ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်ခဲ့ကြောင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်တစ်ဦးက ပြောသည်။ (KNG 070411) Read More...
- အစိုးရသစ်လက်ထက်တွင် အစားထိုးလည်ပတ်နေသည့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးရုံးများတွင် မြို့နယ်ရဲမှူး၊ မြို့နယ်တရားသူကြီး၊ မြို့နယ် ဆက်သွယ်ရေး မှူး၊ မြို့နယ်ပြန်ကြားရေးမှူးတို့ ပါဝင်သည့် ငါးဦးပါမြို့နယ် လုံခြုံရေးအဖွဲ့ကို မြို့နယ်အုပ်ချုပ်ရေးမှူးမှ တာဝန်ခံရပြီး လုံခြုံရေးတာဝန်နှင့် မီဒီယာကို မီဒီယာနှင့်တိုက်ရန် တာဝန်တို့ပါဝင်သည်ဟု ပဲခူးတိုင်းဒေသခံတစ်ဦးက ပြောသည်။ (DVB 070411) Read More...
- အဖျက်အမှောင့်သမားများသည် ပြည်သူများအကြားတွင် ရှိနေသည့်အတွက် ဖော်ထုတ်အရေးယူကြရန် သမ္မတဦးသိန်းစိန်က ၎င်း၏ တတိယမိန့်ခွန်းဖြစ်သော အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်းကို ဧပြီ ၆ ရက်နေ့ အစိုးရပိုင် မြန်မာ့ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ခဲ့သည်။ (DVB 070411) Read More...
- သမ္မတသစ် ဦးသိန်းစိန်က မကြာမီကာလတွင် ပထမဆုံးအကြိမ် သတင်းစာရှင်းလင်းပွဲတရပ် ပြုလုပ်မည်ဖြစ်ကြောင်း ယင်းသတင်းစာရှင်းလင်းပွဲကို နေပြည်တော်ရှိ သမ္မတ အိမ်တော်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ပြည်တွင်းပြည်ပသတင်းသမား

များကိုလည်း ဖိတ်ကြားသွားမည်ဟု ပြန်ကြားရေးဝန်ကြီးဌာန အသိုင်းအဝိုင်းကပြောသည်။ **(Irrawaddy 080411)** [Read More…]

- ရခိုင်ပြည်နယ် မင်းပြားမြို့နယ် အုပ်ချုပ်ရေးမှူးသည် ကျေးရွာအုပ်စု ၆၄ စုမှ ရယက ဥက္ကဋ္ဌ ဟောင်းများကို ယခင်ရာထူးများတွင် ဆက်လက်အုပ်ချုပ်ခွင့်ရရန်အတွက်ကျပ်ငွေ ၁ သိန်းမှ ၅ သိန်းအထိ ငွေသိန်းချီ လာဘ်ငွေတောင်းယူနေသည်ဟု ရခိုင်အမျိုးသားတိုးတက်ရေးပါတီ၏ အတွင်းရေးမှူး ဦးခိုင်ပြည်စိုးက ပြောသည်။ **(DVB 080411)** [Read More...]

## လွှတ်တော်အဆင့်ဆင့်

- ကျင်းပပြီးစီးသွားသည့် ပထမအကြိမ် အမျိုးသားနှင့် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ချင်းပြည်နယ်မှ အမျိုးသားနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အဆိုပေါင်း ၁၅ ခုတင်သွင်းခဲ့သော်လည်း အဆို ၁ ခုကို သာ လွှတ်တော်က အတည်ပြုပေးခဲ့သည်။ **(Khonumthung 030411)** [Read More...]
- မြန်မာနိုင်ငံတွင် အစိုးရသစ်ဖွဲ့စည်းပြီး ပြည်ထောင်စု လွှတ်တော်ကိုရပ်နားလိုက်သော်လည်း နောက်ထပ်အဆိုများကို ဆက်လက် တင်သွင်းသွားမည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအင်အားစု သဃာ်န်းကျွန်းမြို့နယ် လွှတ်တော်အမတ် ဦးသိန်းညွှန့်က ပြောသည်။ **(BBC 030411)** [Read More...]

## တပ်မတော်၏လုပ်ဆောင်ချက်များ

- ကရင်နီပြည်နယ် ဖရူဆိုမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် နအဖစစ်အစိုးရတပ်မှ အသက် ၁၈ နှစ်ပြည့်သော လူငယ်များကို စစ်ထဲဝင်ရန် အမည်စာရင်းများ လိုက်လံကောက်ယူနေသည်ဟု ကောက်ယူခံရသည့် လူငယ်တစ်ဦးက ပြောသည်။ **(KT 060411)** [Read More...]
- ကရင်နီပြည် ရှားတောမြို့နယ် အခြေစိုက် ခမရ ၃၃၂ နှင့် ကရင်နီတပ်မတော် တပ်ခွဲ ၃ မှ ဗိုလ်ဆဲနိုးနှင့် ဗိုလ်ကူးရယ် ဦးဆောင်သောတပ်ဖွဲ့တို့ ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့ပြီးနောက် စစ်တပ်မှ ဒေါတနောကျေးရွာအတွင်းသို့ အမြောက်ကျည်ဆံ ၇ လုံး ပစ်ခတ်လာသောကြောင့် ရွာသားများ ထိခိုက်ဒဏ်ရာရခဲ့သည်ဟု ဒေသခံတစ်ဦးက ပြောသည်။ **(KT 060411)** [Read More...]
- မတ်လ ၃၁ ရက်နေ့က ရန်ကုန်တိုင်း မှော်ဘီအခြေချ ခလရ ၉၁ တပ်ရင်းတွင် ပြင်ပလုံခြုံရေးတပ်များနှင့် ပစ်ခတ်မှုဖြစ်ပွားခဲ့သောကြောင့် ရန်ကုန်တိုင်း တိုင်းမှူး ကိုယ်တိုင်ဆင်းလာပြီး လုံခြုံရေးတပ်များကို တပ်ရင်းနှင့်ဝေးသည့် နေရာသို့ရွှေ့ပြောင်းမှုအပါအဝင် တပ်တွင်း အခက်အခဲ ဖြစ်နေသည့် တပ်ရံပုံငွေနှင့် ရိက္ခာပြဿနာကို ဖြေရှင်းပေးမည်ဟု ကမ်းလှမ်းပြောဆိုခဲ့ကြောင်း ခလရ ၉၁ တပ်မှ တပ်သားတစ်ဦးက ပြောသည်။ **(BBC 050411)** [Read More...]
- ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကာကွယ်ရေး ဦးစီးချုပ်ရာထူးမှ တရားဝင် အနားယူသွားပြီဟု အမည်မဖော်လိုသည့် အစိုးရအရာရှိတစ်ဦးက အေအက်ဖ်ပီ သတင်းဌာနကို ပြောဆိုလိုက်ပြီး အလားတူ ဒုဗိုလ်ချုပ်မှူးကြီး မောင်အေးလည်း ဒု–ကာကွယ်ရေးဦးစီးချုပ် ရာထူးမှ အနားယူသွားပြီဟု နိုင်ငံတကာသတင်းဌာနများက အစိုးရအရာရှိများကို ကိုးကား၍ ဖော်ပြလိုက်သည်။ **(RFA 040411)** [Read More...]
- မြန်မာအစိုးရတပ်နှင့် ကရင်တပ်ဖွဲ့တို့ကြားပစ်ခတ်မှုကြောင့် ထိုင်းနိုင်ငံသို့ ထွက်ပြေးခိုလှုံနေကြရသည့် ကရင်စစ်ပြေးဒုက္ခသည်များသည် သင်္ကြန်ပြီးလျှင် မိမိကျေးရွာသို့ ပြန်လည်မနေထိုင်ပါက ၄င်းတို့ နေအိမ်၊ ခြံဝင်းများကို အစိုးရစစ်တပ်မှ သိမ်းဆည်းသွားမည်ဟု ထိုင်းနိုင်ငံ ဖို့ဖရမြို့နယ်တစ်နေရာတွင် ခိုလှုံနေရသည့် ရွာသူတစ်ဦးက ပြောသည်။ **(KIC 040411)** [Read More...]
- ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) ကို ဖျက်သိမ်း၍ ကာကွယ်ရေးဦးစီးချုပ် ရာထူးကို လွှဲပြောင်းပေးပြီးဖြစ်သော်လည်း တပ်မတော်ကို ဆက်လက်ထိန်းချုပ်ထားဆဲဖြစ်ကြောင်း ကာကွယ်ရေး ဝန်ကြီးဌာနနှင့် နီးစပ်သူများက အတည်ပြုပြောကြားလိုက်သည်။ **(Irrawaddy 070411)** [Read More...]
- နိုင်ငံရေးအရ အချက် ၄ ချက်တောင်းဆိုနေသည့် ရန်ကုန်တိုင်း မှော်ဘီအခြေချ အမှတ်(၄) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် လက်အောက်ခံ တိုက်ကြီးမြို့ရှိ ခမရ (၇၀၉) နှင့် ခမရ (၇၁၀) ပူပေါင်းတပ်များကို ရန်ကုန်တိုင်း အထူးတပ်များမှ ဗြေ ဖြ

ရက်နေ့ နံနက် ၄ နာရီခန့်တွင် ဝင်ရောက်ပစ်ခတ်ရာ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားသည်ဟု အပစ်ခံခဲ့ရသည့် ခမရ (၇၀၉)မှ တပ်ကြပ်ကြီးတစ်ဦးက ပြောသည်။ (BBC 070411) Read More...

- မြန်မာနိုင်ငံ အနောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နယ်စပ် ရှေ့တန်းစခန်း အခြေစိုက် ခမရ (၂၃၃)မှ ဒုတပ်ကြပ် မောင်ဝင်းနှင့်တပ်သား မောင်ဖြူသည် လက်နက်ယူ၍ ထွက်ပြေးသောကြောင့် မြန်မာစစ်တပ်က ဖမ်းဆီးရမိသည့် နေရာတွင်ပင်ပစ်သတ်လိုက်သည်ဟု အမည်မဖော်လိုသူ စစ်တပ်နှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (Narinjara 090411) Read More...

## အတိုက်အခံအဖွဲ့အစည်းများ

## (က) ပြည်တွင်းအင်အားစုများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD လူငယ်များနှင့် သာမန်အရပ်သားများ စုဖွဲ့ထားသည့် ရန်ကုန်တိုင်း တောင်ဒဂုံမြို့ရှိ သွေးအကူအညီပေးရေးအဖွဲ့မှ ဗိုလ်ကြီးဟောင်း ကိုနေမျိုးဇင်ကို ဧပြီ ၁ ရက်နေ့ညနေတွင် အထူးရဲသတင်းတပ်ဖွဲ့က အောင်သပြေစစ်ကြောရေးစခန်းသို့ ခေါ်ဆောင်သွားသည်ဟု တောင်ဒဂုံ သွေးအကူအညီပေးရေးအဖွဲ့ တာဝန်ခံကိုညီညီက ပြောပြသည်။ (Mizzima 030411) Read More...
- မြန်မာနိုင်ငံတွင် အစိုးရသစ်ဖွဲ့စည်းပြီး ရက်ပိုင်းအကြာ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် အမေရိကန်နိုင်ငံ အာရှနှင့်ပစိဖိတ်ရေးရာ ဒု–လက်ထောက် ကာကွယ်ရေးဝန်ကြီး Mr.Derek J.Mitchell အားခန့် ထားရန် အစီအစဉ်ကို NLD အပါအဝင် နိုင်ငံရေးပါတီများ၊ ဒီမိုကရေစီအင်အားစုများက ကြိုဆိုကြကြောင်း NLD ပြန်ကြားရေး တာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (Irrawaddy 040411) Read More...
- ရှမ်းပြည်နယ်ဒေသခံ နိုင်ငံရေးအကျဉ်းသား ၂၅ ဦး ရှိနေပြီး၊ နိုင်ငံရေးအကျဉ်းသားများထံ ထောင်ဝင်စာတွေ့နိုင်ရေးအတွက် မိသားစုဝင်များကို လစဉ်ထောက်ပံ့ကြေး ၅၀၀၀ ကျပ် ပေးသွားမည်ဟု ရှမ်းပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ပြောသည်။ (Mizzima 040411) Read More...
- ဆင်းရဲချို့တဲ့သည့် နာမကျန်းသူများကို ကူညီစောင့်ရှောက်ပေးမည့် လူမှုရေးအဖွဲ့တစ်ဖွဲ့ကို ရန်ကုန်တိုင်း မြောက်ဒဂုံမြို့နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အဖွဲ့ဝင်များအပါအဝင် လူ ၃၅ ဦးဖြင့် စတင်ဖွဲ့စည်းလိုက်သည်ဟု အဖွဲ့ကို ဦးဆောင်သူ ဦးသိန်းကြည်က ပြောသည်။ (RFA 040411) Read More...
- ဂျပန်နိုင်ငံက ငလျင်ဒဏ်ခံ ဒုက္ခသည်များအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ် အခမ်းအနားနှင့် ကူညီရေးလုပ်ငန်းစဉ်များကို ဧပြီလ ၅ ရက် မွန်းလွဲပိုင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ပါတီဌာနချုပ်တွင် ပြုလုပ်ခဲ့ကြောင်း ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 050411) Read More...
- လူငယ်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရုံးချုပ်မှ လူငယ်များနှင့် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းမှ ပါတီစည်းရုံးရေးကော်မတီဝင်များသည် ဧပြီ ၄ ရက်နေ့က ညှိနှိုင်းဆွေးနွေးခဲ့သည်ဟု မန္တလေးတိုင်း စည်းအဖွဲ့ဝင် ဦးမျိုးနိုင်က ပြောသည်။ (RFA 050411) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD စည်းရုံးရေးအဖွဲ့ဝင်များ ဦးဆောင်၍ အမေ့ဂရုဏာဆေးခန်း အမှတ် (၂) ကို ရန်ကုန်တိုင်း ဒဂုံမြို့သစ်တောင်ပိုင်း အမှတ် (၂၆) ရပ်ကွက်တွင် ဧပြီလ ၅ ရက်နေ့က ဖွင့်လှစ်လိုက်သည်။ (DVB 050411) Read More...
- ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီး၊ ညောင်ရွှေ ရှိ NLD အဖွဲ့ဝင်များက ယခင်လ ၃၁ ရက်နေ့မှ ယနေ့ထိ ကောက်ခံရရှိသော လှူဒါန်းငွေ ကျပ် ၁၇ သိန်းကို ရှမ်းပြည်နယ် အရှေ့ပိုင်း ငလျင်ဘေးသင့် ဒုက္ခသည်များအတွက် ပထမဆုံးစတင်ကူညီမည်ဟု တောင်ကြီးမြို့နယ် NLD အထွေထွေအတွင်းရေးမှူး ဒေါ်ခင်မိုးမိုးက ပြောသည်။ (Mizzima 060411) Read More...
- ဖမ်းဆီးထိန်းသိမ်းခံရသည့် ဗိုလ်ကြီးဟောင်း ကိုနေမျိုးဇင်အား မိသားစုနှင့်တွေ့ဆုံခွင့်ရရှိရန် တရားဥပဒေလမ်းကြောင်းအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဥပဒေ အထောက်အကူပြုအဖွဲ့မှ ကူညီသွားမည်ဟု ရှေ့နေ ဦးအောင်သိန်းက ပြောလိုက်သည်။ (Irrawaddy 070411) Read More...

- သမ္မတသစ် ဦးသိန်းစိန်က ဗဟိုမှချုပ်ကိုင်မှု စနစ်အား ပယ်ဖျက်ကာ အောက်ခြေအထိ အဆင့်ဆင့်လုပ်ပိုင်ခွင့် ပြုသွားမည်ဟု ပြောဆိုလိုက်ခြင်းကို တိုင်းရင်းသားခေါင်းဆောင်များက ဝါဒဖြန့်ခြင်း သက်သက်သာဖြစ်သည်ဟု တုံ့ပြန်ပြောဆိုလိုက်သည်။ (Irrawaddy 080411) Read More…

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ရခိုင် လက်နက်ကိုင်တစ်စုက ခရစ်ယာန် ဓမ္မဆရာ တစ်ဦးကို ပြန်ပေးဆွဲ" ခေါင်းစဉ်ပါ သတင်းနှင့် ပါတ်သက်ပြီး ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)က ၎င်းတို့နှင့် ပတ်သက်ဆက်နွယ်မှုမရှိကြောင်း ALP တွဲဘက် အထွေထွေအတွင်းရေးမှူး (၁) ခိုင်ရန်နောင်စိုးက လုံးဝ ငြင်းဆိုလိုက်သည်။ (Khonumthung 040411) Read More...
- ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တောင်ပိုင်း ဝေါ်လေဂွင်ရှိ ထီးသဲလယ်နှင့် မောခီးတွင် လှုပ်ရှားနေသည့် စကခ (၅) လက်အောက်ခံ ခမရ(၃၇၂)၊ (၅၄၄)တပ်ဖွဲ့ကို ဧပြီ ၄ ရက်နေ့ နေ့လည်ဘက်တွင် KNU တပ်ဖွဲ့များက အလစ်ဝင်ရောက်တိုက်ခိုက်ခဲ့ရာ နအဖဘက်မှ (၁) ဦး ကျဆုံးပြီး (၂) ဦး ဒဏ်ရာရရှိသွားသည်ဟု KNLA ဗိုလ်မှူး စောကြည်အောင်က ပြောသည်။ (KIC 040411) Read More...
- တိုင်းရင်းသားဒေသများတွင် အပစ်အခတ် ရပ်စဲရေးနှင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန်အတွက် တွေ့ဆုံ ဆွေးနွေးရေးများ ပြုလုပ်ရန် သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့်အစိုးရသစ်ကို ကရင်အမျိုးသားအစည်းအရုံး (KNU) က ဧပြီ ၄ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်တောင်းဆိုလိုက်သည်။ (RFA 040411) Read More..., KIC...
- တိုင်းရင်းသား ပြည်သူလူထုများ မျှော်လင့်တောင်းဆိုနေသည့် အမျိုးသား ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် တန်းတူ ရေးတို့အတွက် ဥက္ကဌကြီး တာ့တုတ်မိန်း ကွယ်လွန်သွားသော်လည်း ကျန်ရစ်သော "ဝ" အမျိုးသားအဖွဲ့ချုပ်နှင့် ဝပြည်သူလူထုတစ်ရပ်လုံးက တော်လှန်ရေးပန်းတိုင်ရောက်ရှိသည်အထိ ဆက်လက် တိုက်ပွဲဝင်သွားမည်ဟု အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုက ပြောသည်။ (KT 040411) Read More...
- မတ်လ ဆန်းပိုင်းမှစ၍ သျှမ်းပြည်တပ်မတော်နှင့် ဗမာစစ်တပ်ကြား တိုက်ပွဲများ အဆက်မပြတ်ဖြစ်ပွါးခဲ့ရာ သျှမ်းပြည်အလယ်ပိုင်း ၄ မြို့နယ်မှ ယခုသျှမ်းပြည်မြောက်ပိုင်းအထိ ၁၀ မြို့နယ် ကူးစက်ပြန့်နှံ့ခဲ့ပြီး နမ့်ပန်ချောင်းအရှေ့ဖက်တာ့ဟုန်းကူးတို့ဆိပ်မှ ၅ မိုင်အကွာ ဝမ့်ဟိုင်းဌာနချုပ်အား ဗမာစစ်တပ်များဝင်စီးပါက သျှမ်းတပ်စခန်းအား တိုက်ခိုက်ရဦးမည်ဖြစ်သည်ဟု SSPP/SSA အရာရှိက ပြောသည်။ (S.H.A.N 050411) Read More...
- သံလွင်အရှေ့ခြမ်း ငလျင်သင့်ဒေသအတွင်း မိုင်းဖြတ်အခြေစိုက် နည်းဗျူဟာ ၃ လက်အောက်ခံ စကခ ၁၈ ဒုဗိုလ်မှူးကြီးဝင်းနိုင်ဦး ဦးဆောင်သည့် အင်အား ၄၀၀ ကျော်ရှိ စစ်ကြောင်းနှင့် အမည်မသိ လက်နက် ကိုင်တပ်ဖွဲ့ (အင်အား ၈၀ ခန့်) တစ်ဖွဲ့အကြား ဧပြီ ၅ ရက်နေ့တွင် တိုက်ပွဲတနေကုန်ဖြစ်ပွားခဲ့ပြီး နအဖဘက်မှ သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူရှိသည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 060411) Read More...
- မိုင်းရယ်ဗျူဟာမှူးက ဧပြီလ ၁ ရက်မှစ၍ သျှမ်းပြည် တပ်မတော်အား ထိုးစစ်မဆင်တော့ဟု ကောလဟာလသတင်းလွှင့်လိုက်သော်လည်း မနေ့က ဝမ့်ဆော့မှာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး နအဖစစ်တပ်မှ အင်အားဖြည့်မှု ဆက်လက်ပို့ဆောင်နေသည်ဟု အမည်မဖော်လိုသည့် အဆိုပါအရာရှိက ပြောသည်။ (S.H.A.N 070411) Read More...
- သျှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများနှင့်ပတ်သက်၍ အစိုးရစစ်တပ်က တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်း မှုမရှိခဲ့သကဲ့သို့ ရှိခဲ့မည်ဆိုပါကလည်း ဆွေးနွေးမည်မဟုတ်ကြောင်း သျှမ်းပြည်တပ်မတော် (မြောက်ပိုင်း) အရာရှိများက ပြောသည်။ (DVB 070411) Read More...
- တိုက်ပွဲများဖြစ်နေသည့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ထိုးစစ်များ မအောင်မြင်သည့်အတွက် စစ်အစိုးရတပ်ဖက်မှ ရှမ်းပြည်တပ်မတော် SSA မြောက်ပိုင်းတပ်ကို စေ့စပ်ဆွေးနွေးရေး ကမ်းလှမ်းလာသဖြင့် ဦးစွာပထမ SSA မြောက်ပိုင်း တပ်မဟာ ၁ နယ်မြေတွင် ဝင်ရောက်နေရာယူထားသည့် စစ်အစိုးရတပ်များ ပြန်လည်ရုပ်သိမ်းရမည်ဟု SSA မှ အကြောင်းပြန်လိုက်သည်။ (RFA 060411) Read More...
- ရှမ်းပြည်အရှေ့ပိုင်း ရွှေတြိဂံနယ်မြေတွင် စစ်အစိုးရတပ် မိုင်းဖြတ်အခြေစိုက် နည်းဗျူဟာ ၃ လက်အောက်ခံ စကခ ၁၈ နှင့် ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်တို့သည် ပထမဆုံးအကြိမ်အဖြစ် ဧပြီလ ၅ ရက်မှ ၆ ရက်နေ့ထိ နှစ်ရက်ဆက်တိုက် ပြင်းထန်သည့် တိုက်ပွဲများဖြစ်ပွားခဲ့သည်ဟု ဒေသခံပြည်သူ့စစ်အဖွဲ့က ပြောသည်။ (BBC 070411) Read More...

- တပ်အင်အား အများဆုံးနှင့် ရပ်တည်နေသည့် ဝပြည်သွေးစည်းညီညွတ်ရေးပါတီက တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ပြဿနာအရပ်ရပ်ကို တွေ့ဆုံဆွေးနွေးကြရန် သမ္မတဦးသိန်းစိန် အစိုးရသစ်ကို ကမ်းလှမ်းလိုက်သည်ဟု ပါတီပြောခွင့် ရသူ ဦးအောင်မြင့်က ပြောသည်။ (DVB 080411) Read More...
- တရားဝင် ကမ်းလှမ်းမှု မပြုလုပ်သေးသော်လည်း သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော အစိုးရသစ်နှင့် တွေ့ဆုံဆွေးနွေး လိုကြောင်း အင်အားကြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တစ်ဖွဲ့ဖြစ်သော 'ဝ' ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP က ပြောဆိုလိုက်သည်။ (Mizzima 080411) Read More…
- ဧပြီလ ၅ ရက်နေ့က မြန်မာစစ်တပ်၏ ဝန်းရံပိတ်ဆို့ထားခြင်းခံရသော အမည်မသိလက်နက်ကိုင်တပ်ဖွဲ့သည် ဝ ပြည် သွေးစည်းရေး တပ်မတော်မှ တပ်ဖွဲ့တစ်ဖွဲ့ဖြစ်ကာ ဧပြီလ (၈) ရက်နေ့က တပ်စခန်းသို့ တပ်ဆုတ်ပြန်နိုင်ပြီဖြစ်ကြောင်း နယ်စပ်နေ စစ်ရေးလေ့လာသူတစ်ဦးကပြောသည်။ (S.H.A.N 090411) Read More...
- ကချင်လွတ်မြောက်ရေး တပ်မတော်နှင့် စစ်အစိုးရအကြား ယခုရက်ပိုင်းအတွင်း အပြန်အလှန်ဖမ်းဆီးမှုရှိနေချိန်တွင် နမ်းခမ်းမြို့နယ်အစပ် အူလန်ဘာမြို့နယ် ဒိန်ဂါတိုက်နယ်မှူး လဆန်သည် ဧပြီ ၃ ရက်နေ့က တာဝန်အရ စစ်အစိုးရထိန်း ချုပ်နယ်မြေ မန်းဝင်းကြီးဒေသသို့ ဆင်းလာစဉ် TV ဂိမ်းဆိုင်တခု၌ စကားများမှုဖြစ်ရာမှ စစ်အစိုးရတပ်မှ ဖမ်းဆီးလိုက် သည်။ (BBC 090411) Read More...

## (ဂ) ပြည်ပအင်အားစုများ

- ဂျာမဏီနိုင်ငံရှိ ကရင်တိုင်းရင်းသား လူမျိုးအသိုင်းအဝိုင်းက ဦးစီးပြီး လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် အချိန်တန်ပြီ ဆိုသည့်ခေါင်းစဉ်ဖြင့် မြန်မာ့အရေးဆွေးနွေးပွဲတရပ်ကို ဧပြီလ ၂ ရက်နေ့နှင့် ၃ ရက်နေ့များက ဖရင့်ဖတ်မြို့တွင်ကျင်းပ ခဲ့ ကြောင်း ဂျာမဏီ ကရင်တိုင်းရင်းသားလူမျိုးအသိုင်းအဝိုင်း၏ ဥက္ကဌ မန်းအောင်လွင်က ပြောသည်။ (BBC 040411) Read More...
- ၂၀၁၁ အတာသင်္ကြန်အတွက် အိန္ဒိယရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများမှ 'ငုံ့မခံရဖို့ တုံ့ပြန်ကြစို့' ဆိုသည့်ခေါင်း စဉ်ဖြင့် ထုတ်ဝေလိုက်သည့် ၁၃ ကြိမ်မြောက် သင်္ကြန်သံချပ်ခွေသစ်တွင် ယခုနှစ်အတွက် ထူးခြားသည့်ကဏ္ဍသုံးခု တိုး လာခဲ့ပြီး ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံမှ မြန်မာ့ဒီမိုကရေစီအင်အားစုများကပါ အားဖြည့်သီဆိုရေး စပ်ပေးထားသည်ဟု စီစဉ် ပေးသူ ကိုကျော်ကြီး (ကျောက်မဲ)က ပြောသည်။ (VOA 040411) Read More...
- ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ NCUB က သမ္မတဦးသိန်းစိန် ဦးဆောင်သည့် အစိုးရကိုတရားဝင်အစိုးရအ ဖြစ် အသိအမှတ်မပြုနိုင်ကြောင်း သဘောထား ထုတ်ပြန်လိုက်သည်ဟု NCUB တွဲဖက်အထွေထွေအတွင်း ရေးမှူး (၁) ဦးအောင်မိုးဇော်က ပြောသည်။ (DVB 080411) Read More...
- ရွေးကောက်ပွဲ လူ့အခွင့်အရေး မှတ်တမ်းတင် ကွန်ယက် (မြန်မာနိုင်ငံ) ND-Burma က မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ၃၀၀ ကျော်မှ ခိုင်မာသည့်ဖြစ်ရပ် ၈၀ ကျော်ကို အခြေခံကာ အစီရင်ခံစာ ထုတ်ပြန်လိုက်ပြီး ယခုကာလတိုင်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသည်ဟု ND-Burma စီမံခန့်ခွဲရေးဘုတ် အဖွဲ့ဝင် နိုင်ဦးမွန်က ပြောသည်။ (BBC 080411) Read More..., IMNA…
- ၂၀၁၀ ရွေးကောက်ပွဲရလဒ်နှင့် စစ်ကောင်စီမှ အာဏာလွှဲပြောင်းပေးလိုက်သည့် သမ္မတ ဦးသိန်စိန်အစိုးရကို အသိအ မှတ် ပြုနိုင်ခြင်းမရှိဘဲ ရွေးကောက်ပွဲရလဒ်များကို ဆန့်ကျင်တိုက်ဖျက်ပြီး ကြားဖြတ်အစိုးရဖွဲ့နိုင်သည်အထိ ဆက်လက်အ ကောင်အထည်ဖော်သွားမည်ဟု မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု FDB မှ ဧပြီ ၈ ရက်နေ့က ပြီးစီးခဲ့သည့် တတိယ အကြိမ်ညီလာခံအပြီးတွင် ထုတ်ပြန်ကြေညာလိုက်သည်။ (DVB 090411) Read More...

## နိုင်ငံရေးပါတီများ

### ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း USDA အဖြစ် စတင်တည်ထောင်ချိန်မှ ပါဝင်လုပ်ဆောင်ခဲ့သည့် သူများနှင့် USDP ပါတီအဖြစ်အသွင်ပြောင်းပြီးချိန်မှ ဝင်ရောက်လာသူများအကြား အမတ်နေရာခွဲဝေမှုမမျှတသည့် ပြဿနာများကြောင့် လွှတ်တော်အမတ်များအကြား သဘောထားကွဲလွဲနေသည်ဟု USDP ဝင်အဖွဲ့ဝင်တစ်ဦး ကပြောသည်။ (BBC 050411) Read More..., Irrawaddy...
- ရွေးကောက်ပွဲ မတိုင်မီက လမ်းခင်းပေးခဲ့သော်လည်း တိုးလို့တန်းလန်းဖြစ်နေခဲ့သော လုပ်ငန်းများကို သကြြိန်အပြီး ဆက်လက် လုပ်ဆောင်သွားမည်ဟု ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP တွဲဘက်အထွေထွေအတွင်းရေးမှူးဦးသာဝင်းက ပြောသည်။ (Mizzima 070411) Read More...
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဧရာဝတီတိုင်း ဖျာပုံမြို့ ပြည်သူ့လွှတ်တော်အမတ် ဗိုလ်ချုပ်ဟောင်း ဦးစိုးနိုင်သည် လွန်ခဲ့သည့်လက လေပြင်းမုန်တိုင်းဒဏ်သင့်၍ ပင်လယ်ထဲမျောပါခဲ့သည့် ဖျာပုံမြို့နယ် နောင်မီးရွာမှ ရေလုပ်သားအချို့ကို သွားရောက်ကူညီခဲ့သည်။ (DVB 070411) Read More...

## အခြားပါတီများ

- ဦးသိန်းညွန့် ဦးဆောင်သော အဖွဲ့သည် ဦးခင်မောင်ဆွေ၊ ဒေါက်တာသန်းငြိမ်းတို့ ဦးဆောင်သော အမျိုးသားဒီမိုကရေစီအင်အားစု (NDF) နှင့် လမ်းခွဲလိုက်ပြီး အခွင့်သင့်လျှင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) နှင့် ပြန်လည်ပူးပေါင်းမည်ဖြစ်ကြောင်း ဦးသိန်းညွန့်က ပြောသည်။ (Irrawaddy 040411) Read More..., Mizzima...
- အမျိုးသား ဒီမိုကရေစီအင်အားစု NDF မှ သင်္ဃန်းကျွန်းလွှတ်တော်အမတ် ဦးသိန်းညွန့် ဦးဆောင်သော အင်အားစုအချို့ ပဲ့ထွက်သွားခြင်းသာဖြစ်၍ NDF နှစ်ခြမ်းကွဲသည် ဆိုခြင်းအပေါ် မဆီလျော်ကြောင်း ဗဟိုဦးစီးကော်မတီဝင် ဦးခင်မောင်ဆွေက ဧပြီ ၅ ရက်နေ့တွင် ပြောကြားလိုက်သည်။ (Mizzima 050411) Read More ...
- သမ္မတသစ် ဦးသိန်းစိန်အနေဖြင့် နိုင်ငံတော်ကို ပြောကြားခဲ့သည့် မိန့်ခွန်းထဲပါ အချက်များအတိုင်း လက်တွေ့အကောင်အထည် ဖော်ဆောင်မှု ရှိမရှိ စောင့်ကြည့် သတိပေးသွားမည်ဟု ၂၀၁၀ ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီ ၁၀ ခုနှင့်ဖွဲ့စည်းထားသည့် ဒီမိုကရေစီ မိတ်ဆွေပါတီများအဖွဲ့မှ အဖွဲ့ဝင် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။ (VOA 040411) Read More...
- အမျိုးသား ဒီမိုကရေစီအင်အားစု NDF ပါတီသည် တရားဝင် နှစ်ခြမ်းကွဲသွားပြီဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ရွေးကောက်ပွဲဝင်မည်ဆိုပါက ပြန်လည်ပူးပေါင်းလိုသည်ဟု သင်္ဃန်းကျွန်းမြို့နယ်အခြေစိုက် NDF ခေါင်းဆောင် ဦးသိန်းညွန့်က ထုတ်ဖော်ပြောဆိုလိုက်သည်။ (BBC 050411) Read More...
- ချင်းပြည်နယ် အစိုးရဝန်ကြီးဌာနများတွင် ချင်းတိုးတက်ရေးပါတီ CPP က ပညာရေး ဝန်ကြီးဌာနကိုလည်းကောင်း၊ ချင်းအမျိုးသား ပါတီ CNP က သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနကိုလည်းကောင်း ထပ်မံတိုးချဲ့ရန် လိုလားနေကြောင်း CPP ဥက္ကဋ္ဌ ဦးနိုးထန်ကပ်ကပြောသည်။ (Mizzima 070411) Read More...
- ရခိုင်ပြည်နယ် အစိုးရအဖွဲ့တွင် ဝန်ကြီး ၃ ဦး ရရှိသော်လည်း ဗဟိုအရာရှိတွေ ချုပ်ကိုင်ထားလျှင်၊ လုပ်ပိုင်ခွင့်အပြည့်အဝ မရှိလျှင် လူထုကို ပေးခဲ့သည့် ကတိကဝတ်များအား ဖော်ဆောင်ရန် မလွယ်ကူသဖြင့် ဗဟိုအစိုးရချုပ်ကိုင်မှုလျော့နည်းစေလိုကြောင်း ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ RNDP အတွင်းရေးမှူး ဦးလှစောက ပြောဆိုလိုက်သည်။ (Mizzima 080411) Read More…
- မြန်မာစစ်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များအကြား ဖြစ်ပွားနေသည့် ပြည်တွင်းစစ်ရပ်စဲရေးဆွေးနွေးနိုင်ရန်အတွက် ညီလာခံတစ်ရပ် ကျင်းပပေးရန် ဧပြီလ ၄-၅ ရက်နေ့က တွေ့ဆုံဆွေးနွေးခဲ့ပြီး နိုင်ငံရေးပါတီ (၁၀) ခု "ဒီမိုကရေစီ မိတ်ဆွေပါတီများ" အမည်ဖြင့် အစိုးရသစ်ထံ တောင်းဆို လိုက်သည်ဟု (NDF) ပါတီ ဦးခင်မောင်ဆွေက ပြောသည်။ (NMG 080411) Read More ... Kaowao
- အစိုးရသစ်အနေဖြင့် စစ်အာဏာရှင်စိတ်ဓါတ်နှင့် တိုက်ပုံဝတ်ထားပြီး လုပ်ဆောင်မှုများသည် နိုင်ငံအတွက် ထူးလာရန်မရှိဘဲ ၎င်းတို့၏ လုပ်ဆောင်မှုများကို စောင့်ကြည့်နေမည်ဟု ဒီမိုကရက်တစ်ပါတီ (မြန်မာ)၏ လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်က ဧပြီ ၈ ရက်နေ့ ပါတီဌာနချုပ် သတင်းစာရှင်းလင်းပွဲအပြီး ပြောဆိုလိုက်သည်။ (DVB 080411) Read More...

## ပြည်သူနှင့်လူထုအခြေပြုအဖွဲ့အစည်းများ

- မကွေးတိုင်း ကံမမြို့နယ် စစ္စရုံရွာမှ လယ်သမား ၁၃၃ ဦးသည် ၎င်းတို့နှင့်ဘဝတူ လယ်သမား ၅ ဦးကို ဦးပိုင်ကုမ္ပဏီက လယ်လည်းသိမ်း၊ လူလည်းရိုက် တရားလည်းစွဲထားသည့်အပေါ် မကျေနပ်သောကြောင့် နိုင်ငံတော် သမ္မတထံ ဧပြီလ ၅ ရက်နေ့က တိုင်ကြားလိုက်သည်။ (DVB 050411) Read More...
- ရခိုင်ပြည်နယ် မောင်းတောမြို့နယ်တွင် တာလီဘန်များနှင့် ဆက်စပ်သည့်စွဲချက်များဖြင့် ဧပြီလ ၆ ရက်နေ့က တရားရုံး ထုတ်စွဲချက်တင်ခံရသည့် မူဆလင် ၁၉ဦး သည် ရွေးကောက်ပွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP အားမဲမထည့်ဘဲ မူဆလင်ပါတီဖြစ်သည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီကို မဲပေးခဲ့သည့်အတွက် ဖမ်းဆီးခံရခြင်းဖြစ်သည်ဟု ပြည်ပရောက် ရိုဟင်ဂျာအဖွဲ့အစည်း ၇ ဖွဲ့က စုပေါင်းကြေညာချက် ထုတ်ပြန်လိုက်သည်။ (BBC 060411) Read More...

## မီဒီယာအခန်းကဏ္ဍ

- ပြည်တွင်းမီဒီယာအသီးသီးတွင် နအဖ၏ ဝါဒဖြန့်ချိရေးဆောင်ပုဒ်များနှင့် ကြွေးကြော်သံများကို ယခုအစိုးရသစ်လက်ထက်အထိ ဆက်လက်ဖော်ပြမှုများသည် ရန်လိုသည့် သဘောဆောင် အမွေခံမူဝါဒများအတိုင်းသာ ရှေ့ဆက်သွားမည့် အနေအထားမျိုးဖြစ်နေသဖြင့် ပြောင်းလဲပြင်ဆင်သင့်သည်ဟု စာနယ်ဇင်းသမားတစ်ဦးက ထောက်ပြပြောဆိုလိုက်သည်။ (DVB 060411) Read More...
- စစ်ကောင်စီ၏ အမွေကို ဆက်ခံလာသည့် သမ္မတသစ်ဖြစ်လာသူ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန်အနေဖြင့် အစိုးရတို့၏ ထုံးထမ်းများနှင့်အညီ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ပေးရန် ပြည်တွင်းစာနယ်ဇင်း လောကသားများက တောင်းဆိုလိုက်ကြကြောင်း ပြည်သူ့ခေတ်ဂျာနယ်၏ အတိုင်အပင်ခံ အယ်ဒီတာ ဝါရင့်သတင်း စာဆရာဆရာမောင်ဝံသက ပြောသည်။ (DVB 090411) Read More...

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) အစိုးရများ

- တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် နိုင်ငံရေးအတိုင်ပင်ခံကော်မတီ ဥက္ကဌ မစ္စတာ ကျာချင်းလင်သည် မြန်မာအစိုးရသစ်နှင့် ဧပြီ ၃ ရက်နေ့တွင် လာရောက်တွေ့ဆုံခဲ့ရာ နှစ်နိုင်ငံစီးပွားရေးသဘောတူညီချက်များကို လက်မှတ်ရေးထိုးမည်ဖြစ်သည်။ (DVB 030411) Read More...
- သမ္မတသစ် ဦးသိန်းစိန်နှင့် ပထမဆုံးသော ပြည်ပကိုယ်စား လှယ်အဖြစ် တရုတ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် ၁၁ ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဌ မစ္စတာ ကျာချင်းလင်သည် ဧပြီလ ၄ ရက်နေ့က တွေ့ဆုံပြီး နှစ်နိုင်ငံအဆင့် မြင့် ဆက်ဆံရေးတိုးမြှင့်သွားရေး၊ တရုတ်–မြန်မာနယ်စပ်ကိစ္စနှင့် စီးပွားရေးဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးသွားကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားသည်။ (Irrawaddy 050411) Read More...
- တနှစ်လျှင် ရေနံစိမ်းတန်ချိန် ၅ သန်းချက်နိုင်မည့် ရေနံချက်စက်ရုံ၊ ဓာတ်ဆီနှင့် ရေနံဓာတ်ငွေ့ရည် ဖြန့်ဖြူး ရေးဌာနများ တည်ဆောက်မည့် စီမံကိန်းအတွက် တရုတ်အစိုးရ သွင်းကုန်/ထုတ်ကုန်ဘဏ် ဥက္ကဌနှင့် မြန်မာစစ်တပ်ပိုင် ဦးပိုင်ကုမ္ပဏီတို့ သက်တမ်းတိုးစာချုပ်အား ဧပြီ ၄ ရက်နေ့က လက်မှတ်ထိုးခဲ့ကြသည်ဟု မတ်လ ၄ ရက်နေ့ထုတ် နိုင်ငံပိုင်မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။ (Mizzima 050411) Read More...
- မြန်မာနိုင်ငံတွင် စစ်အစိုးရမှ အရပ်သားအစိုးရအဖြစ် ပြောင်းလဲသွားပြီဆိုသော်လည်း အမေရိကန်နိုင်ငံမှချမှတ်ထားသည့် အရေးယူ ပိတ်ဆို့မှုများကို ဆက်လက်ထားရှိမည်ဟု အမေရိကန်အစိုးရ၏ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာလက်ထောက် နိုင်ငံခြားရေးဝန်ကြီး ကာ့တ် ကမ်းဘဲလ် (Kurt Campbell) က အာရှခရီးစဉ်အတွင်း စင်္ကာပူနိုင်ငံတွင် သတင်းထောက်များအား ဧပြီ ၅ ရက်နေ့က ထပ်မံပြောဆိုလိုက်သည်။ (VOA 060411) Read More...

- မြန်မာနိုင်ငံသားများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ကြိုက်နှစ်သက်သည့်အစိုးရကို တင်ပိုင်ခွင့်မရှိအောင် စစ်အစိုးရမှဆက်လက်ချုပ်ကိုင်ထားသလို အခြား လူ့အခွင့်ရေး ချိုးဖောက်မှုများကိုလည်း ဆိုးဆိုးရွားရွား ကျူးလွန်နေသည်ဟု အမေရိကန်အစိုးရ နိုင်ငံခြားရေးဌာနမှ ဧပြီ ၈ ရက်နေ့ထုတ် ၂၀၁၀ နှစ်ပတ်လည်လူ့အခွင့်အရေး အစီရင်ခံစာတွင် ဖော်ပြထားသည်။ (VOA 080411) Read More...
- မြန်မာနိုင်ငံဆိုင်ရာ ပေါ်တူဂီ သံအမတ်ကြီး António Félix Machado de Faria e Maya သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် ဧပြီလ ၈ ရက်နေ့က တွေ့ဆုံခဲ့ရာ မြန်မာ့အရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 090411) Read More...
- မြန်မာနှင့် မြောက်ကိုရီးယားအကြား ပိုမိုကြီးထွားလာသည့် စစ်ရေးဆက်ဆံမှုအပေါ် စုံစမ်းစစ်ဆေးရေးအတွက် လွှတ်တော်ကို တင်ပြရန် အမေရိကန် အထက်လွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီဝင် ရီပတ်ဘလစ်ကန်ပါတီအမတ် Richrad Lugar က သမ္မတအိုဘားမားကို ဧပြီလ ၈ ရက်နေ့က တောင်းဆိုလိုက်သည်။ (RFA 090411) Read More...
- မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေများ တိုးတက်မှုမရှိလာကြောင်း ဧပြီ ၈ ရက်နေ့က ထုတ်ပြန်လိုက်သည့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် ကမ္ဘာတဝှမ်း လူ့အခွင့်အရေးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။ (RFA 090411) Read More...

## (ခ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာနိုင်ငံတွင် အရပ်သားအစိုးရသစ် ပြောင်းလဲလိုက်သည်ဟု ပြောဆိုနေသော်လည်း အမေရိကန်နှင့် မြန်မာအကြား မနီးစပ်နိုင် အောင် ခွဲခြားထားသည့် ပြဿနာများ မဖြေရှင်းနိုင်သေးသရွေ့ စီးပွားရေးပိတ်ဆို့အရေးယူမှုများဆက်၍ ရှိနေမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုက မြန်မာ့ရေးရာ ကျွမ်းကျင်သူ ဒေါက်တာ ဂျိုးဇက် ဆေးဗားစတိန်း (Josef Silverstein) က ပြောကြား လိုက်သည်။ (RFA 030411) Read More...
- အမေရိကန် ပြည်ထောင်စု မြန်မာ့အရေး လှုပ်ရှားမှုအဖွဲ့ US Campaign for Burma နှစ်ပတ်လည်ဆွေးနွေးပွဲကို ဝါရှင်တန် ဒီစီမြို့တော် George Washington တက္ကသိုလ်တွင် ဧပြီလ ၂ ရက်နေ့က ကျင်းပခဲ့ရာ မြန်မာ့ဒီမိုကရေစီရေးအတွက် ဒေါ်အောင် ဆန်းစုကြည်၏ တိုက်တွန်းချက်ကို အခြေခံ၍ လုပ်ဆောင်သင့်သည့်အရာများကို ဆွေးနွေးခဲ့ကြောင်း အဖွဲ့မူဝါဒရေးရာ ညွှန်ကြားရေး မှူး ဦးအောင်ဒင်က ပြောသည်။ (RFA 030411) Read More...
- မြန်မာနိုင်ငံတွင် စစ်အစိုးရမှ အရပ်သားအစိုးရသစ်ထံသို့ အာဏာကို လွှဲပြောင်းပေးလိုက်သော်လည်း လူထုဘဝတိုးတက်ရေးအတွက် လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို ထင်သာမြင်သာ မတွေ့ရပဲ ဖြစ်နေသည်ဟု ဧပြီလ ၄ ရက်နေ့က HRW ခေါ် နယူး ယောက်အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့၏ အာရှရေးရာ ကျွမ်းကျင်သူ Mr. David Scott Mathison ရေးသားသည့် ဆောင်းပါးတစ်ပုဒ်တွင် ဖော်ပြထားသည်။ (RFA 060411) Read More...
- မြန်မာစစ်အစိုးရ ကျူးလွန်သည့် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ် ချိုးဖောက်သည့် ရာဇဝတ်မှုများကို ကုလသမဂ္ဂ ကော်မရှင်ဖွဲ့ စုံစမ်းစစ်ဆေးရေးကိစ္စကို အထွေထွေညီလာခံ၌ ဆုံးဖြတ်ရာတွင် ဥရောပသမဂ္ဂတခုလုံး ပါဝင်ထောက်ခံလာရန်အတွက် ဗြိတိန်အစိုးရအနေဖြင့် ဖိအားပေးတိုက်တွန်းရန် Burma Campaign UK က တောင်းဆိုလိုက်သည်။ (RFA 090411) Read More...
- မြန်မာနိုင်ငံကို အလည်အပတ် ရောက်ရှိနေသည့် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ International High School က ဆရာ မတဦးနှင့် ကျောင်းသူကျောင်းသား ၁၂ ဦးသည် ဧပြီ ၈ ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ရာ ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြကြောင်း NLD ပြန်ကြားရေး တာဝန်ခံဦးအုန်းကြိုင်က ပြောသည်။ (RFA 090411) Read More...

---

***End of report/ Saturday, April 02, 2011***
**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**
***Documentation and Research Department (NDD)***

---